# (၂၀၀၈ ) ဖွဲ့စည်းပုံအခြေခံဥပဒေမူလပြဋ္ဌာန်းချက်များ၊ ပြင်ဆင်ရန်အဆိုပြုချက်များနှင့်လွှတ်တော်မဲရလဒ်များ (၄၃၆ ခ အတွက်)

| ပုဒ်မများ | မူလပြဋ္ဌာန်းချက် | ပြင်ဆင်ရန်အဆိုပြုချက် | အဆိုပြုသူ | မဲရလဒ် |
|---|---|---|---|---|
| ၁၁၅ (ခ) | ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စများကို လည်းကောင်း ၊ တပ်မတော်ဆိုင်ရာကိစ္စများကို လည်းကောင်း လေ့လာတင်ပြစေရန် အကြောင်းပေါ်ပေါက်ပါက ပြည်သူ့လွှတ်တော်သည် ကာကွယ်ရေးနှင့်လုံခြုံရေးကော်မတီကို တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့်ကာလသတ်မှတ်၍ ဖွဲ့စည်းရမည်။ ထိုသို့ဖွဲ့စည်းသည့် ကာကွယ်ရေးနှင့်လုံခြုံရေးကော်မတီသည် လုပ်ငန်းကို လိုအပ်ချက်အရတပ်မတော်သားမဟုတ်သော သင့်လျော်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကိုလည်း ထည့်သွင်းဖွဲ့စည်းရန် လိုအပ်ပါကဖွဲ့စည်းနိုင် သည်၊ | ပယ်ဖျက်ရမည်။ | NLD | ✕<br>ထောက်ခံမဲ ၄၁၂<br>၇၅% မကျော်<br>မူလအတိုင်းထားရန် |
| ၁၂၁ (ဋ) | နိုင်ငံတော်ပိုင်ငွေကြေး၊မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဥ်၊ ပစ္စည်းစသည် တို့ကိုတိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ ရယူသုံးစွဲသူသို့မဟုတ်ယင်းသို့ရယူသုံးစွဲသည့် အဖွဲ့အစည်းဝင်ဖြစ်သူ၊<br>ခြွင်းချက်။ (၁) နိုင်ငံတော်ငွေကြေးဟူသော စကားရပ်တွင် အငြိမ်းစားလစာ၊ စရိတ်၊ ငွေကြေးသော်လည်းကောင်း၊ နိုင်ငံတော်အကျိုးအတွက်ဆောင်ရွက် သဖြင့် နိုင်ငံတော် က တရားဝင်ထောက်ပံ့ချီးမြှင့်ထားသော လစာ၊ စရိတ်၊ ငွေကြေး သော်လည်းကောင်း မပါဝင်။ | နိုင်ငံတော်ပိုင်ငွေကြေး၊ မြေ၊ အိမ်၊အဆောက်အအုံ၊ ယာဥ်၊ ပစ္စည်းစသည် တို့ကိုတိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေရယူသုံးစွဲသူ သို့မဟုတ် ယင်းသို့ရယူသုံးစွဲသည့် အဖွဲ့အစည်းဝင်ဖြစ်သူ၊<br>ခြွင်းချက်။ နိုင်ငံတော်ငွေကြေးဟူသော စကားရပ်တွင် အငြိမ်းစားလစာ၊ စရိတ်၊ ငွေကြေးသော်လည်းကောင်း၊ နိုင်ငံတော်အကျိုးအတွက်ဆောင်ရွက် သဖြင့် နိုင်ငံတော်က တရားဝင်ထောက်ပံ့ချီးမြှင့်ထားသော လစာ၊ စရိတ်၊ ငွေကြေး သော်လည်းကောင်း မပါဝင်။ | NLD | ✕<br>ထောက်ခံမဲ ၄၁၄<br>၇၅% မကျော်<br>မူလအတိုင်းထားရန် |

Unofficial Summary

| | | | | |
|---|---|---|---|---|
| | **(၂) နိုင်ငံတော်ပိုင်မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းဟူသောစကားရပ်တွင်ဥပဒေတစ်ရပ်ရပ်အရသော် လည်းကောင်း၊တာဝန်အရသော်လည်းကောင်း နိုင်ငံတော် ကသုံးစွဲခွင့်ပြုထားသောသို့မဟုတ်နိုင်ငံတော်ထံမှ အခ ကြေးငွေဖြင့် ငှားရမ်းသုံးစွဲသော နိုင်ငံတော်ပိုင် မြေ၊ အိမ်၊ အဆောက်အအုံ နှင့်အခန်းများ၊ အခြားအဆောက်အအုံ နှင့်အခန်းများ၊ နိုင်ငံတော်ပိုင်လေယာဉ်၊ရထား၊သင်္ဘော၊ မော်တော်ယာဉ်၊ ပစ္စည်းစသည်များ မပါဝင်။** | | | |
| ၁၂၄ (က) | ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်ပြီးနောက် ပထမ အကြိမ်ပြည်သူ့လွှတ် တော်ပုံမှန်အစည်းအဝေးကို နိုင်ငံ တော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ခေါ်ယူကျင်းပရမည်။ | ပယ်ဖျက်ရမည်။ | NLD | ✗<br>ထောက်ခံမဲ ၄၁၃<br>၇၅% မကျော်<br>မူလအတိုင်းထားရန် |
| ၁၂၄ (ခ) | ပြည်သူ့လွှတ်တော်၏**နောင်သက်တမ်းများအတွက်**ပထမ အကြိမ်ပုံမှန်အစည်း အဝေးများကို ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ တာဝန်ဆက်လက်ထမ်း ဆောင်လျက်ရှိသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူ ကျင်းပရမည်။ | ပြည်သူ့လွှတ်တော်၏ **သက်တမ်းတိုင်း၏** ပထမအကြိမ် ပုံမှန်အစည်းအဝေးများကိုဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်း ချက်နှင့်အညီ တာဝန်ဆက်လက် ထမ်းဆောင်လျက်ရှိသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်။ | NLD | ✗<br>ထောက်ခံမဲ ၄၁၆<br>၇၅% မကျော်<br>မူလအတိုင်းထားရန် |
| ၁၄၇ (ခ) | ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာ ကိစ္စများကိုလည်း ကောင်း၊ တပ်မတော်ဆိုင်ရာကိစ္စများကို လည်းကောင်း လေ့လာတင်ပြစေရန် အကြောင်းပေါ်ပေါက်ပါက အမျိုး သားလွှတ်တော်သည် ကာကွယ်ရေးနှင့်လုံခြုံရေးကော် မတီကို တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စား လှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်းရမည်။ ထိုသို့ ဖွဲ့စည်းသည့် ကာကွယ်ရေးနှင့်လုံခြုံရေးကော်မတီသည် လုပ်ငန်းလိုအပ်ချက်အရ တပ်မတော်သားမဟုတ်သော | ပယ်ဖျက်ရမည်။ | NLD | ✗<br>ထောက်ခံမဲ ၄၁၃<br>၇၅% မကျော်<br>မူလအတိုင်းထားရန် |

Unofficial Summary

| | | | | |
|---|---|---|---|---|
| | သင့်လျော်သည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကိုလည်း ထည့်သွင်းဖွဲ့စည်းရန် လိုအပ်ပါက ဖွဲ့စည်းနိုင်သည်။ | | | |
| ၁၇၂ (က) | ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်ပြီးနောက် ပထမအကြိမ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို နိုင်ငံတော်အေးချမ်း သာယာရေး နှင့်ဖွံ့ဖြိုးရေး ကောင်စီက ခေါ်ယူကျင်းပရမည်။ | ပယ်ဖျက်ရမည်။ | NLD | ✗<br>ထောက်ခံမဲ ၄၁၅<br>၇၅% မကျော်<br>မူလအတိုင်းထားရန် |
| ၁၇၂ (ခ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ **နောင်သက်တမ်းများအတွက်** ပထမအကြိမ်ပုံမှန်အစည်းအဝေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်နှင့် အညီ တာဝန်ဆက်လက်ထမ်းဆောင်လျက်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်။ | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် **သက်တမ်းတိုင်း၏** ပထမအကြိမ်ပုံမှန်အစည်းအဝေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ တာဝန်ဆက်လက်ထမ်းဆောင်လျက်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ် တော်ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်။ | NLD | ✗<br>ထောက်ခံမဲ ၄၁၆<br>၇၅% မကျော်<br>မူလအတိုင်းထားရန် |
| ၁၈၈ | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် ဇယား ၂ တွင်ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ဝန်းလုံးအတွက် သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်စိတ်တစ်ဒေသ အတွက်သော်လည်းကောင်း အာဏာ သက်ရောက်စေရန် ဥပဒေပြုခွင့်ရှိသည်။ | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် သည် ဇယား ၂၊ **ဇယား ၃ နှင့် ဇယား၅** တို့တွင်ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်ဝန်းလုံး အတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်တစ်စိတ်တစ်ဒေသအတွက်သော်လည်း ကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ရှိသည်။ | NLD | ✗<br>ထောက်ခံမဲ ၄၁၇<br>၇၅% မကျော်<br>မူလအတိုင်းထားရန် |
| ၁၉၆ | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသဦးစီးအဖွဲ့များအား မိမိတို့တိုင်း သို့မဟုတ်ဒေသ အတွက် ဇယား ၃ တွင် ဖော်ပြထားသော ဥပဒေပြု စာရင်းပါ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ဥပဒေပြုခွင့် အာဏာကို ခွဲဝေအပ်နှင်းသည်။ | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ် ခွင့်ရဒေသဦးစီး အဖွဲ့များအား မိမိတို့တိုင်း သို့မဟုတ် ဒေသ အတွက် ဇယား ၃ နှင့် **ဇယား ၅** တို့တွင် ဖော်ပြထားသော ဥပဒေပြုစာရင်းပါ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ဥပဒေပြု ခွင့်အာဏာကို ခွဲဝေအပ်နှင်းသည်။ | NLD | ✗<br>ထောက်ခံမဲ ၄၁၆<br>၇၅% မကျော်<br>မူလအတိုင်းထားရန် |

Unofficial Summary

| | | | | |
|---|---|---|---|---|
| ၁၉၈ (ခ) | တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကပြဋ္ဌာန်းလိုက်သည့် ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်နှင့်ဆန့်ကျင်နေလျှင် ပြည်ထောင်စု လွှတ်တော်က ပြဋ္ဌာန်းသည် ဥပဒေပါ အတိုင်း လိုက်နာကျင့်သုံးရမည်။ | တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းလိုက်သည့် ဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်သည် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ဆန့်ကျင်နေလျှင် **ဇယား ၃ နှင့်အညီ ပြဋ္ဌာန်းထားသည့် ဥပဒေများမှအပ** ပြည်ထောင်စု လွှတ်တော်က ပြဋ္ဌာန်းသည် ဥပဒေပါအတိုင်း လိုက်နာကျင့်သုံးရမည်။ | NLD | ❌ ထောက်ခံမဲ ၄၁၄ ၇၅% မကျော် မူလအတိုင်းထားရန် |
| ၁၉၈ (ဃ) | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ကပြဋ္ဌာန်းလိုက်သည့် ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်း သည့် ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့်ဆန့်ကျင်နေ လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်က ပြဋ္ဌာန်းသည် ဥပဒေပါအတိုင်းလိုက်နာ ကျင့်သုံးရမည်။ | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ကပြဋ္ဌာန်း လိုက်သည့်ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်နှင့် ဆန့်ကျင်နေလျှင် **ဇယား ၅ နှင့်အညီ ပြဋ္ဌာန်းထားသည့် ဥပဒေများမှအပ** သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည် ဥပဒေပါအတိုင်းလိုက်နာကျင့်သုံး ရမည်။ | NLD | ❌ ထောက်ခံမဲ ၄၁၃ ၇၅% မကျော် မူလအတိုင်းထားရန် |
| ၂၀၄ (ခ) | **အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ထောက်ခံချက်နှင့်အညီ** လွတ်ငြိမ်းချမ်းသာခွင့် ပေးပိုင်ခွင့် ရှိသည်။ | လွတ်ငြိမ်းချမ်းသာခွင့် ပေးပိုင်ခွင့်ရှိသည်။ | NLD | ❌ ထောက်ခံမဲ ၄၀၃ ၇၅% မကျော် မူလအတိုင်းထားရန် |
| ၂၂၅ | ပြည်ထောင်စုအစိုးရသည် တိုင်းဒေသကြီးအစိုးရ သို့မဟုတ် ပြည်နယ်အစိုးရတို့ကလည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့ကလည်းကောင်း လုပ်ငန်းများကို အကောင်အထည် ဖော်ဆောင်ရွက်ကြရာတွင် ထိရောက်အောင်မြင်မှုရှိရေးအတွက် **ပေါင်းစပ်ညှိနှိုင်းပေးသည်။** | ပြည်ထောင်စုအစိုးရသည် တိုင်းဒေသကြီးအစိုးရသို့မဟုတ် ပြည်နယ်အစိုးရ တို့ကလည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တို့က လည်းကောင်း လုပ်ငန်းများကို အကောင်အထည် ဖော်ဆောင်ရွက်ကြရာတွင်ထိရောက်အောင်မြင်မှုရှိရေးအတွက် **ပေါင်းစပ်ညှိနှိုင်းပေးနိုင်သည်။** | NLD | ❌ ထောက်ခံမဲ ၄၁၅ ၇၅% မကျော် မူလအတိုင်းထားရန် |

Unofficial Summary

| | | | | |
|---|---|---|---|---|
| ၂၂၆ (က) | တိုင်းဒေသကြီးနှင့်ပြည်နယ်အကြား၊ တိုင်းဒေသကြီး အချင်းချင်း၊ ပြည်နယ် အချင်းချင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအကြား၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုအချင်းချင်း ဖြစ်ပွားသည့် အုပ်ချုပ်မှုဆိုင်ရာ အငြင်းပွားမှုများနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးခြင်း၊ လိုအပ်လျှင် **အဆုံးအဖြတ်ပေးခြင်းပြုသည်။** | တိုင်းဒေသကြီးနှင့် ပြည်နယ်အကြား၊ တိုင်းဒေသကြီး အချင်းချင်း၊ ပြည်နယ်အချင်းချင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုအကြား၊ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု အချင်းချင်း ဖြစ်ပွားသည့် အုပ်ချုပ်မှုဆိုင်ရာ အငြင်းပွားမှုများနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးခြင်း၊ လိုအပ်လျှင် **အဆုံးအဖြတ်ပေးခြင်းပြုနိုင်သည်။** | NLD | ❌ ထောက်ခံမဲ ၄၁၅ ၇၅% မကျော် မူလအတိုင်းထားရန် |
| ၂၂၆ (ခ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့်ပြည်ထောင်စုနယ်မြေအကြား၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုနှင့် ပြည်ထောင်စုနယ်မြေအကြား ဖြစ်ပွားသည့် အုပ်ချုပ်ရေးဆိုင် ရာ အငြင်းပွားမှုများနှင့်စပ်လျင်း၍ ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးခြင်း၊ လိုအပ်လျှင်**အဆုံးအဖြတ်ပေးခြင်းပြုသည်။** | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့်ပြည်ထောင်စုနယ်မြေအကြား၊ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုနှင့် ပြည်ထောင်စုနယ်မြေအကြား ဖြစ်ပွားသည့် အုပ်ချုပ်ရေးဆိုင်ရာ အငြင်းပွားမှုများနှင့်စပ်လျင်း၍ ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးခြင်း၊ လိုအပ်လျှင် **အဆုံးအဖြတ်ပေးခြင်းပြုနိုင်သည်။** | NLD | ❌ ထောက်ခံမဲ ၄၁၆ ၇၅% မကျော် မူလအတိုင်းထားရန် |
| ၂၃၂ (က) (၁) | အသက် **၄၀** နှစ်ပြည့်ပြီးသူ | အသက် **၃၅** နှစ်ပြည့်ပြီးသူ၊ | NLD | ❌ ထောက်ခံမဲ ၃၈၀ ၇၅% မကျော် မူလအတိုင်းထားရန် |
| ၂၃၂ (က) (၅) ဖြည့်စွက်ရန် | | မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိ၏မိဘတစ်ပါးပါး သော်လည်းကောင်း၊ မိမိ၏ဇနီး၊ သို့မဟုတ် ခင်ပွန်းသော်လည်းကောင်း၊ မိမိ၏တရားဝင်သားသမီး တစ်ဦးဦးသော်လည်းကောင်း၊ ထိုတရားဝင် သားသမီးတစ်ဦးဦး၏ဇနီး၊ သို့မဟုတ် ခင်ပွန်းသော်လည်းကောင်း၊ နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာတော်ကို.ခံယူစောင့်ရှောက်ရှိသေသူ သို့မဟုတ် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံ ဖြစ်သူသို့မဟုတ် တိုင်းတစ်ပါး၏ နိုင်ငံသားဖြစ်သူ မဖြစ်စေရ၊ထိုသူများသည် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူသော်လည်း | တပ်မတော်သား ကိုယ်စားလှယ် (ဗိုလ်မှူးချုပ် မောင်မောင်) | ❌ ထောက်ခံမဲ ၂၂၅ ၇၅% မကျော် မူလအတိုင်းထားရန် |

Unofficial Summary

| | | | | |
|---|---|---|---|---|
| | | ကောင်း တိုင်းတစ်ပါး၏ နိုင်ငံသားသော်လည်းကောင်း ခံစားရသောအခွင့်အရေးများနှင့် ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူများမဖြစ်စေရ။ | | |
| ၂၃၂ (ခ) (၁) | လွှတ်တော်ကိုယ်စားလှယ်များထဲက ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများထဲကဖြစ်စေ ပိုဒ်မခွဲ (က) ပါ သတ်မှတ်ထားသည့်အရည်အချင်းများနှင့် ပြည့်စုံသော သင့်လျော်သည့် ပုဂ္ဂိုလ်များကို ရွေးချယ်ရမည်၊ | ပိုဒ်မခွဲ (က) ပါ သတ်မှတ်ထားသည့်အရည်အချင်းများနှင့် ပြည့်စုံသော သင့်လျော်သည့် ပုဂ္ဂိုလ်များကို ရွေးချယ်ရမည်၊ | NLD | ✗<br>ထောက်ခံမဲ ၄၁၀<br>၇၅% မကျော်<br>မူလအတိုင်းထားရန် |
| ၂၃၂ (ည) (၂) | ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့်နယ်စပ်ရေးရာဝန်ကြီး ဌာနများအတွက် ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်ထားခြင်းခံရသော တပ်မတော်သားများသည် တပ်မတော်မှ **အငြိမ်းစာယူရန် သို့မဟုတ် နုတ်ထွက်ရန်မလို။** | ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီး ဌာနများအတွက် ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်ထားခြင်းခံရသော တပ်မတော်သားများသည် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ တပ်မတော်မှ **အငြိမ်းစာယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။** | NLD | ✗<br>ထောက်ခံမဲ ၄၁၃<br>၇၅% မကျော်<br>မူလအတိုင်းထားရန် |
| ၂၃၂ (ဋ) | ပြည်ထောင်စုဝန်ကြီးသည်နိုင်ငံရေးပါတီတစ်ခုခု၏အဖွဲ့ဝင်ဖြစ်လျှင် ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ မိမိရာထူး သက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရ။ | ပယ်ဖျက်ရမည်။ | NLD | ✗<br>ထောက်ခံမဲ ၄၀၆<br>၇၅% မကျော်<br>မူလအတိုင်းထားရန် |
| ၂၃၄ (က) | နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုဝန်ကြီးများအား အထောက်အကူပြုရန် **လွှတ်တော်ကိုယ်စားလှယ်များထဲက ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူများထဲကဖြစ်စေ** အောက်ဖော်ပြပါအရည်အချင်းများနှင့် ပြည့်စုံသူများ ကို ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေး နိုင်သည်။ | နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုဝန်ကြီးများအား အထောက်အကူပြုရန် အောက်ဖော်ပြပါအရည်အချင်းများနှင့် ပြည့်စုံသူများကို ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးနိုင်သည်။ | NLD | ✗<br>ထောက်ခံမဲ ၄၁၂<br>၇၅% မကျော်<br>မူလအတိုင်းထားရန် |
| ၂၃၄ (ခ) | ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသူသည် လွှတ်တော်တစ်ရပ်ရပ်၏ ကိုယ်စားလှယ်သော်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းသော်လည်းကောင်း၊ တပ်မတော် | ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသူသည် လွှတ်တော်တစ် ရပ်ရပ်၏ ကိုယ်စားလှယ်သော်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းသော်လည်းကောင်း၊တပ်မတော်သား | NLD | ✗<br>ထောက်ခံမဲ ၄၀၈ |

Unofficial Summary

| | | | | |
|---|---|---|---|---|
| | သားသော်လည်းကောင်း၊ နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်သော်လည်းကောင်း ဖြစ်ပါက ပုဒ်မ ၂၃၂ ပုဒ်မခွဲ (ဈ)၊ (ည) **နှင့် (ဋ)** ပါ ပြဋ္ဌာန်းချက် များနှင့်လည်း သက်ဆိုင်စေရမည်။ | သော်လည်းကောင်း၊ နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်သော်လည်းကောင်း ဖြစ်ပါက ပုဒ်မ ၂၃၂ ပုဒ်မခွဲ (ဈ) နှင့် (ည) ပါ ပြဋ္ဌာန်းချက် များနှင့်လည်း သက်ဆိုင်စေရမည်။ | | ၇၅% မကျော် မူလအတိုင်းထားရန် |
| ၂၃၅ (ဂ) (၂) | ရာထူးမှနုတ်ထွက်ရမည့် သို့မဟုတ် တာဝန်မှရပ်စဲခံရမည့် တပ်မတော်သား ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီးနှင့်ပတ်သက်လျှင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။ | ပယ်ဖျက်ရမည်။ | NLD | ❌ ထောက်ခံမဲ ၄၁၃ ၇၅% မကျော် မူလအတိုင်းထားရန် |
| ၂၃၇ (က) ခြေဆင်း | နိုင်ငံတော်သမ္မတသည် ဥပဒေအကြံဥာဏ်များ ရယူနိုင်ရန် နှင့် ဥပဒေဆိုင်ရာ တာဝန်များပေးအပ်နိုင်ရန် **လွှတ်တော်ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူများထဲကဖြစ်စေအောက်** ဖော်ပြပါအရည်အချင်း များနှင့်ပြည့်စုံသည့် ပုဂ္ဂိုလ်တစ်ဦးဦးအား ပြည်ထောင်စု လွှတ်တော်၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စု ရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရမည်- | နိုင်ငံတော်သမ္မတသည် ဥပဒေအကြံဥာဏ်များ ရယူနိုင်ရန် နှင့် ဥပဒေဆိုင်ရာ တာဝန်များပေးအပ်နိုင်ရန် အောက်ဖော်ပြပါအရည်အချင်းများနှင့် ပြည့်စုံ သည့် ပုဂ္ဂိုလ်တစ်ဦးဦးအား ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက် ဖြင့် ပြည်ထောင်စုရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရမည် – | NLD | ❌ ထောက်ခံမဲ ၄၁၅ ၇၅% မကျော် မူလအတိုင်းထားရန် |
| ၂၃၇ (က) (၄) (ဃဃ) | ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေ ပညာရှင်အဖြစ် နိုင်ငံတော်သမ္မတကယူဆသူ | ပယ်ဖျက်ရမည်။ | NLD | ❌ ထောက်ခံမဲ ၄၁၁ ၇၅% မကျော် မူလအတိုင်းထားရန် |
| ၂၃၉ (က) | နိုင်ငံတော်သမ္မသည် ပြည်ထောင်စုရှေ့နေချုပ်အား အထောက်အကူပြုရန် **လွှတ်တော်ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများထဲကဖြစ်စေ** အောက်ဖော်ပြပါ အရည်အချင်းများနှင့်ပြည့်စုံ သည့် ပုဂ္ဂိုလ်တစ်ဦးဦးအား မိမိသဘောဆန္ဒအလျောက် ဒုတိယရှေ့နေချုပ် အဖြစ် ခန့်အပ်တာဝန်ပေးရမည်- | နိုင်ငံတော်သမ္မသည် ပြည်ထောင်စုရှေ့နေချုပ်အား အထောက်အကူပြုရန် အောက်ဖော်ပြပါ အရည်အချင်းများ နှင့် ပြည့်စုံသည့်ပုဂ္ဂိုလ်တစ်ဦးဦးအား မိမိ သဘောဆန္ဒ အလျောက် ဒုတိယရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရ မည်- | NLD | ❌ ထောက်ခံမဲ ၄၁၂ ၇၅% မကျော် မူလအတိုင်းထားရန် |

Unofficial Summary

| | | | | |
|---|---|---|---|---|
| ၂၃၉ (က) (၄) (ဃဃ) | ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်အဖြစ် နိုင်ငံတော်သမ္မတကယူဆသူ | ပယ်ဖျက်ရမည်။ | NLD | ❌ ထောက်ခံမဲ ၄၀၄ ၇၅% မကျော် မူလအတိုင်းထားရန် |
| ၂၄၂ (က) | နိုင်ငံတော်သမ္မတသည်နိုင်ငံတော်၏ အရအသုံးစာရင်းများကို စစ်ဆေး၍ ပြည်ထောင်စုလွှတ်တော်သို့တင်ပြရန် **လွှတ်တော်ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူများထဲက ဖြစ်စေ** အောက်ဖော်ပြပါအရည်အချင်းများနှင့်ပြည့်စုံသည့် ပုဂ္ဂိုလ်တစ်ဦးဦးအား ပြည်ထောင်စုလွှတ်တော်၏သဘောတူညီချက်ဖြင့် ပြည်ထောင်စုစာရင်းစစ်ချုပ် အဖြစ် ခန့်အပ်တာဝန်ပေးရမည်- | နိုင်ငံတော်သမ္မတသည်နိုင်ငံတော်၏ အရအသုံးစာရင်းများကို စစ်ဆေး၍ ပြည်ထောင်စုလွှတ်တော်သို့တင်ပြရန် အောက်ဖော်ပြ ပါအရည်အချင်းများနှင့်ပြည့်စုံသည့် ပုဂ္ဂိုလ်တစ်ဦးဦးအား ပြည်ထောင်စုလွှတ်တော်၏သဘောတူညီချက်ဖြင့် ပြည်ထောင်စုစာရင်းစစ်ချုပ် အဖြစ် ခန့်အပ်တာဝန်ပေးရမည်- | NLD | ❌ ထောက်ခံမဲ ၄၁၃ ၇၅% မကျော် မူလအတိုင်းထားရန်မူလအတိုင်းထားရန် |
| ၂၄၂ (က) (၄) (ဂဂ) | ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော စာရင်းပညာရှင် သို့မဟုတ် စာရင်းအင်းပညာရှင် သို့မဟုတ် စီးပွားရေးပညာရှင်အဖြစ် နိုင်ငံတော်သမ္မတက ယူဆသူ။ | ပယ်ဖျက်ရမည်။ | NLD | ❌ ထောက်ခံမဲ ၄၀၈ ၇၅% မကျော် မူလအတိုင်းထားရန် |
| ၂၄၄ (က) | နိုင်ငံတော်သမ္မသည် ပြည်ထောင်စုစာရင်းစစ်ချုပ်အား အထောက်အကူပြုရန် **လွှတ်တော်ကိုယ်စားလှယ်များထဲက ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများထဲက ဖြစ်စေ** အောက်ဖော်ပြပါအရည်အချင်းများနှင့်ပြည့်စုံသည့် ပုဂ္ဂိုလ်တစ်ဦးဦးအား မိမိသဘောဆန္ဒအလျောက် ဒုတိယ စာရင်းစစ်ချုပ်ချုပ် အဖြစ် ခန့်အပ်တာဝန်ပေးရမည်- | နိုင်ငံတော်သမ္မသည် ပြည်ထောင်စုစာရင်းစစ်ချုပ်အား အထောက်အကူပြုရန် အောက်ဖော်ပြပါအရည်အချင်းများနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်တစ်ဦးဦးအား မိမိသဘောဆန္ဒအလျောက်ဒုတိယစာရင်းစစ်ချုပ်ချုပ်အဖြစ်ခန့်အပ်တာဝန် ပေး ရမည်- | NLD | ❌ ထောက်ခံမဲ ၄၁၄ ၇၅% မကျော် မူလအတိုင်းထားရန် |
| ၂၄၄ (က) (၄) (ဂဂ) | ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော စာရင်းပညာရှင် သို့မဟုတ် စာရင်းအင်းပညာရှင် သို့မဟုတ် စီးပွားရေးပညာရှင်အဖြစ် နိုင်ငံတော်သမ္မတက ယူဆသူ။ | ပယ်ဖျက်ရမည်။ | NLD | ❌ ထောက်ခံမဲ ၄၁၂ |

Unofficial Summary

| | | | | |
|---|---|---|---|---|
| | | | | ၇၅% မကျော် မူလအတိုင်းထားရန် |
| ၂၆၁ (က) (၅) ဖြည့်စွက်ရန် | | မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိ၏မိဘတစ်ပါးပါးသော်လည်းကောင်း၊ မိမိ၏ဇနီး၊ သို့မဟုတ် ခင်ပွန်းသော်လည်းကောင်း၊ မိမိ၏တရားဝင်သားသမီး တစ်ဦးဦးသော်လည်းကောင်း၊ ထိုတရားဝင် သားသမီးတစ်ဦးဦး၏ဇနီး၊ သို့မဟုတ် ခင်ပွန်းသော်လည်းကောင်း၊ နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာတော်ကို ခံယူစောင့်ရှောက်ရှိသေသူ သို့မဟုတ် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံ ဖြစ်သူသို့မဟုတ် တိုင်းတစ်ပါး၏ နိုင်ငံသားဖြစ်သူ မဖြစ်စေရ၊ထိုသူများသည် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူသော်လည်းကောင်းတိုင်းတစ်ပါး၏ နိုင်ငံသားသော်လည်းကောင်း ခံစားရသောအခွင့်အရေးများနှင့်ကျေးဇူးခံစားခွင့်များကိုခံစား နိုင်ခွင့်ရှိသူများမဖြစ်စေရ။ | တပ်မတော်သား ကိုယ်စားလှယ် (ဗိုလ်မှူးချုပ် မောင်မောင်) | ✗ ထောက်ခံမဲ ၂၂၄ ၇၅% မကျော် မူလအတိုင်းထားရန် |
| ၂၆၁ (ခ) | **နိုင်ငံတော်သမ္မတသည်** သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး ချုပ်အဖြစ်ခန့်အပ်တာဝန်ပေးရန် – (၁) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထဲမှ သတ်မှတ်ထားသည့် အရည်အချင်းများနှင့်ပြည့်စုံသော သင့်လျော်သည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအားရွေးချယ်ရမည်။ (ခ) ရွေးချယ်ထားသည့်ကိုယ်စားလှယ်၏ အမည်စာရင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ပေးပို့လျက် သဘောတူညီချက်ရယူရ မည်။ | သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်လွှတ်တော်သည်သက်ဆိုင်.ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တာဝန် ပေးအပ်နိုင်ရန်။ (၁) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထဲမှ သတ်မှတ်ထားသည့် အရည်အချင်းများနှင့်ပြည့်စုံသော သင့်လျော်သည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား **ဆန္ဒမဲဖြင့်**ရွေးချယ်ရမည်။ (၂) **ဆန္ဒမဲဖြင့်**ရွေးချယ်ထားသည့်ကိုယ်စားလှယ်၏ အမည်စာရင်းကို နိုင်ငံတော်သမ္မတထံပေးပို့ရမည်။ | ပြည်ခိုင်ဖြိုး (ဦးသိန်းထွန်း) | ✗ ထောက်ခံမဲ ၂၃၉ ၇၅% မကျော် မူလအတိုင်းထားရန် |
| ၂၆၁ (ဂ) | နိုင်ငံတော်သမ္မတသည်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ **သဘောတူညီချက်ရရှိပြီးသည့်** လွှတ်တော် | နိုင်ငံတော်သမ္မတသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က **ဆန္ဒမဲဖြင့်ရွေးချယ်ထားသည့်** လွှတ်တော် | ပြည်ခိုင်ဖြိုး (ဦးသိန်းထွန်း) | ✗ ထောက်ခံမဲ ၂၃၇ |

Unofficial Summary

| | | | | |
|---|---|---|---|---|
| | ကိုယ်စားလှယ်အား သက်ဆိုင်ရာ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ်ခန့်အပ်တာဝန်ပေးရမည်၊ | ကိုယ်စားလှယ်အား သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မ ဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ်ခန့်အပ်တာဝန်ပေးရမည်၊ | | ၇၅% မကျော် မူလအတိုင်းထားရန် |
| ၂၆၁ (ဃ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အတွက် သတ်မှတ်ထားသောအရည်အချင်းများနှင့်မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ပါကတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် **နိုင်ငံတော်သမ္မတက အမည်စာရင်းတင်သွင်းသည့်** လွှတ်တော်ကိုယ်စားလှယ်အား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့်မရှိစေရ၊ | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က **ဆန္ဒမဲဖြင့်ရွေးချယ်ထားသောပုဂ္ဂိုလ်သည်** တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်၏အရည်အချင်းများနှင့် ပြည့်စုံမှုမရှိကြောင်းခိုင်လုံသည့်အချက်ပေါ်ပေါက်ပါက **နိုင်ငံတော်သမ္မတသည်** တိုင်းဒေသကြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ်ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့်ရှိစေရမည်။ | ပြည်ခိုင်ဖြိုး (ဦးသိန်းထွန်း) | ✗ ထောက်ခံမဲ ၂၃၅ ၇၅% မကျော် မူလအတိုင်းထားရန် |
| ၂၆၁ (င) | **နိုင်ငံတော်သမ္မတသည်** တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်မရရှိသည့်ပုဂ္ဂိုလ်အစားအမည်စာရင်းအသစ်ကို **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့** ထပ်မံတင်သွင်းခွင့်ရှိသည်။ | **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည်** နိုင်ငံတော်သမ္မတ၏ သဘောတူညီချက်မရရှိသည့် ပုဂ္ဂိုလ်အစား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အမည်စာရင်းအသစ်ကို **နိုင်ငံတော်သမ္မတထံ** ထပ်မံတင်သွင်းခွင့် ရှိသည်။ | ပြည်ခိုင်ဖြိုး (ဦးသိန်းထွန်း) | ✗ ထောက်ခံမဲ ၂၃၅ ၇၅% မကျော် မူလအတိုင်းထားရန် |
| ၂၆၂ (က) (၁) | **သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထဲကဖြစ်စေ၊လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူများထဲကဖြစ်စေ** ပုဒ်မ ၂၆၁၊ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်တွင် သတ်မှတ်ထားသည့် အရည် အချင်းများနှင့်ပြည့်စုံသော သင့်လျော်သည့်ပုဂ္ဂိုလ်များကို ရွေးချယ်ရမည်။ | ပုဒ်မ ၂၆၁၊ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်တွင် သတ်မှတ်ထားသည့်အရည်အချင်းများနှင့် ပြည့်စုံသော သင့်လျော်သည့်ပုဂ္ဂိုလ်များကို ရွေးချယ်ရမည်။ | NLD<br>တပ်မတော်သား ကိုယ်စားလှယ် (ဗိုလ်မှူးချုပ် အောင်စန်းချစ်) | ✓ ထောက်ခံမဲ ၅၈၁ ၇၅% ကျော် ဆက်လက်ဆောင်ရွက်ရန် |
| ၂၆၂ (က) (၃) | သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ထံမှ ယင်းတို့၏ ဥက္ကဋ္ဌအမည်စာရင်းကို ရယူရမည်၊ | သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ထံမှ ယင်းတို့၏ ဥက္ကဋ္ဌအမည်စာရင်းကို ရယူရယူ၍ နိုင်ငံတော်သမ္မတထံ တင်ပြရမည်။ | တပ်မတော်သား ကိုယ်စားလှယ် (ဗိုလ်မှူးချုပ် အောင်စန်းချစ်) | ✗ ထောက်ခံမဲ ၂၂၈ ၇၅% မကျော် မူလအတိုင်းထားရန် |

Unofficial Summary

| | | | | |
|---|---|---|---|---|
| ၂၆၂ (င) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ရရှိပြီးသည့်ပုဂ္ဂိုလ်များကိုသော်လည်းကောင်း၊ **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌများ၏အမည်စာရင်းနှင့်** တိုင်းရင်းသားလူမျိုးရေးရာ ဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းပါပုဂ္ဂိုလ်များကိုသော်လည်းကောင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် နိုင်ငံတော်သမ္မတထံ တင်ပြရမည်၊ | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ရရှိပြီးသည့်ပုဂ္ဂိုလ်များကို သော်လည်းကောင်း၊ တိုင်းရင်းသားလူမျိုးရေးရာဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းပါ ပုဂ္ဂိုလ်များကိုသော်လည်းကောင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရမည်။ | တပ်မတော်သား ကိုယ်စားလှယ် (ဗိုလ်မှူးချုပ် အောင်စန်းချစ်) | ✗ ထောက်ခံမဲ ၂၂၉ ၇၅% မကျော် မူလအတိုင်းထားရန် |
| ၂၆၂ (စ) | နိုင်ငံတော်သမ္မတသည် တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်ဝန်ကြီးချုပ်က တင်ပြလာသည့်ပုဂ္ဂိုလ်များအား သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရမည်။ ထိုသို့ခန့်အပ်တာဝန်ပေးရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးတစ်ဦးချင်း အလိုက်တာဝန်ယူရမည့် ဝန်ကြီးဌာန သို့မဟုတ်ဝန်ကြီးဌာနများကို **သက်ဆိုင်ရာဝန်ကြီးချုပ်**နှင့်ညှိနှိုင်းလျက် သတ်မှတ်ပေးရမည်။ | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် တိုင်း၏ဒေသကြီး သို့မဟုတ်ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးတစ်ဦးချင်းအလိုက်တာဝန်ယူရမည့် ဝန်ကြီးဌာန သို့မဟုတ် ဝန်ကြီးဌာနများကို **သက်ဆိုင်ရာလွှတ်တော်**နှင့် ညှိနှိုင်းလျက် သတ်မှတ်ပေးရမည်။ | တပ်မတော်သား ကိုယ်စားလှယ် (ဗိုလ်မှူးချုပ် အောင်စန်းချစ်) | ✗ ထောက်ခံမဲ ၂၂၉ ၇၅% မကျော် မူလအတိုင်းထားရန် |
| ၂၆၂ (ည) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် လုံခြုံရေးနှင့်နယ်စပ်ရေးရာတာဝန်များမှအပအခြားတာဝန်များအတွက် တပ်မတော်သားများအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုလျှင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှအမည်စာရင်းတောင်းခံ၍ ယင်းအမည်စာရင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် လုံခြုံရေးနှင့်နယ်စပ်ရေးရာတာဝန်များမှအပ အခြားတာဝန်များအတွက် တပ်မတော်သားများအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအဖြစ်ခန့်အပ်တာဝန်ပေး လိုလျှင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ အမည်စာရင်းတောင်းခံ၍ ယင်းအမည်စာရင်းကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် ခန့်အပ်တာဝန်ပေးရမည်။ | တပ်မတော်သား ကိုယ်စားလှယ် (ဗိုလ်မှူးချုပ် အောင်စန်းချစ်) | ✗ ထောက်ခံမဲ ၂၂၆ ၇၅% မကျော် မူလအတိုင်းထားရန် |

Unofficial Summary

| | | | | |
|---|---|---|---|---|
| | သဘောတူညီချက်ရယူလျက် **နိုင်ငံတော်သမ္မတထံ တင်ပြရမည်။** | | | |
| ၂၆၂ (ဋ) | နိုင်ငံတော်သမ္မတသည် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ခန့်အပ်တာဝန်ပေးခြင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်လွှတ်တော်သို့လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်သို့လည်းကောင်းအကြောင်းကြားရမည်။ | နိုင်ငံတော်သမ္မတသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ခန့် အပ်တာဝန်ပေးခြင်းကို ပြည်ထောင်စုလွှတ်တော်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များသို့ အကြောင်းကြားရမည်။ **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ အကြောင်းကြား၍ နိုင်ငံတော် သမ္မတထံသို့လည်း တင်ပြရမည်။** | တပ်မတော်သား ကိုယ်စားလှယ် (ဗိုလ်မှူးချုပ် အောင်စန်းချစ်) | ထောက်ခံမဲ ၂၂၉ ၇၅% မကျော် မူလအတိုင်းထားရန် |
| ၂၆၂ (ဌ) (၂) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများသည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အားလည်းကောင်း၊ **သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှတဆင့်နိုင်ငံတော်သမ္မတအားလည်းကောင်း** တာဝန်ခံရမည်။ | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများသည် သက်ဆိုင်ရာတိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်ဝန်ကြီးချုပ် အားတာဝန်ခံရမည်။ | တပ်မတော်သား ကိုယ်စားလှယ် (ဗိုလ်မှူးချုပ် အောင်စန်းချစ်) | ထောက်ခံမဲ ၂၂၉ ၇၅% မကျော် မူလအတိုင်းထားရန် |
| ၂၆၂ (ပ) (၂) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၏ လုံခြုံရေးနှင့်နယ်စပ် ရေးရာဝန်ကြီးဌာနများတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသောတပ်မတော်သားများသည် တပ်မတော်မှ **အငြိမ်းစား ယူရန် သို့မဟုတ် နုတ်ထွက်ရန်မလို။** | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၏ လုံခြုံရေးနှင့်နယ်စပ် ရေးရာဝန်ကြီးဌာနများတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသောတပ်မတော်သားများသည် ခန့်အပ်တာဝန်ပေး ခြင်းခံရသည့်နေ့မှစ၍ တပ်မတော်မှ **အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူ ရမည်။** | NLD | ထောက်ခံမဲ ၃၉၉ ၇၅% မကျော် မူလအတိုင်းထားရန် |
| ၂၆၄ (က) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးတစ်ဦးဦးသည် ရာထူးသက်တမ်းမကုန်ဆုံးမီ အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်လိုလျှင် ထိုသို့နုတ်ထွက်လိုကြောင်း နိုင်ငံ | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် နိုင်ငံတော်သမ္မတထံ သို့လည်းကောင်း၊ **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးတစ်ဦးဦးသည် ဝန်ကြီးချုပ်ထံ သို့လည်းကောင်း** ရာထူးသက်တမ်းမကုန်ဆုံးမီအကြောင်း | တပ်မတော်သား ကိုယ်စားလှယ် (ဗိုလ်မှူးချုပ် အောင်စန်းချစ်) | ထောက်ခံမဲ ၂၃၀ ၇၅% မကျော် |

Unofficial Summary

| | | | | |
|---|---|---|---|---|
| | တော်သမ္မတထံ စာဖြင့်တင်ပြပြီး ရာထူးမှနုတ်ထွက်နိုင်သည်၊ | တစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျှောက်ရာထူးမှ နုတ်ထွက်လိုလျှင် ထိုသို့နုတ်ထွက်လိုကြောင်း စာဖြင့်တင်ပြပြီး ရာထူးမှနုတ်ထွက်နိုင်သည်။ | | မူလအတိုင်းထားရန် |
| ၂၆၄ (ခ) (၁) | နိုင်ငံတော်သမ္မတသည် – (၁) လုပ်ငန်းတာဝန်ကို ကျေပွန်စွာမထမ်းဆောင်နိုင်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးအားရာထူးမှနုတ်ထွက်ရန် ညွှန်ကြားနိုင်သည်။ ညွှန်ကြားသည့်အတိုင်းလိုက်နာခြင်းမပြုလျှင် တာဝန်မှ ရပ်စဲရမည်။ | နိုင်ငံတော်သမ္မတသည် – (၁) **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအား ကာကွယ်စောင့်ရှောက်ထိန်းသိမ်းရန် ပျက် ကွက်သော** သို့မဟုတ် လုပ်ငန်းတာဝန်ကိုကျေပွန်စွာမထမ်းဆောင်နိုင်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးအားရာထူးမှနုတ်ထွက်ရန် ညွှန်ကြားနိုင်သည်။ | ပြည်ခိုင်ဖြိုး (ဒေါက်တာ မောင်သင်း) | ✗ ထောက်ခံမဲ ၂၂၆ ၇၅% မကျော် မူလအတိုင်းထားရန် |
| ၂၆၄ (ခ) (၂) | ရာထူးမှနုတ်ထွက်ရမည့် သို့မဟုတ် တာဝန်မှရပ်စဲခံရမည့် တပ်မတော် တိုင်းဒေကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးနှင့် ပတ်သက်လျှင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။ | ပယ်ဖျက်ရမည်။ | NLD | ✗ ထောက်ခံမဲ ၄ဝ၇ ၇၅% မကျော် မူလအတိုင်းထားရန် |
| ၂၆၄ (ဂ) | ရာထူးမှနုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးရာထူးနေရာလစ်လပ်လျှင် နိုင်ငံတော်သမ္မတသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်းနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါ သက်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ လစ်လပ်သည့် ရာထူးနေရာတွင် ဖြည့်စွက်ခန့်ထားနိုင်သည်။ ထိုသို့ ဖြည့်စွက်ခန့်ထားခြင်းခံရသည့် ပုဂ္ဂိုလ်၏ရာထူးသက်တမ်း | ရာထူးမှနုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် ရာထူးနေရာလစ်လပ်လျှင် နိုင်ငံတော်သမ္မတသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် အားလည်းကောင်း၊ **တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်ဝန်ကြီးရာထူးလစ်လပ်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများအား လည်းကောင်း၊** ခန့်အပ်တာဝန်ပေးခြင်း နှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါ သက်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ | တပ်မတော်သား ကိုယ်စားလှယ် (ဗိုလ်မှူးချုပ် အောင်စန်းချစ်) | ✗ ထောက်ခံမဲ ၂၂၆ ၇၅% မကျော် မူလအတိုင်းထားရန် |

Unofficial Summary

| | | | | |
|---|---|---|---|---|
| | သည် နိုင်ငံတော်သမ္မတ၏ ကျန်ရှိသည့် ရာထူးသက်တမ်း အတွက်သာ ဖြစ်စေရမည်။ | လစ်လပ် သည့်ရာထူးနေရာတွင် ဖြည့်စွက်ခန့်ထားနိုင်သည်။ ထိုသို့ ဖြည့်စွက်ခန့်ထားခြင်းခံရသည့် ပုဂ္ဂိုလ်၏ရာထူးသက်တမ်းသည် နိုင်ငံတော်သမ္မတ၏ ကျန်ရှိသည့် ရာထူးသက်တမ်း အတွက်သာ ဖြစ်စေရမည်။ | | |
| ၂၈၅ (က) (၄) | နိုင်ငံတော်သမ္မတက သတ်မှတ်သော အခြားအရည်အချင်းများနှင့်လည်း ပြည့်စုံသူ။ | ပယ်ဖျက်ရမည်။ | NLD | ❌ ထောက်ခံမဲ ၄၀၁ ၇၅% မကျော် မူလအတိုင်းထားရန် |
| ၂၈၅ (စ) | နေပြည်တော်၏ လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်းပေးနိုင်ရေးအတွက် ခန့်အပ်တာဝန်ပေးခြင်းခံရသည့် တပ်မတော်သား နေပြည်တော်ကောင်စီဝင် သို့မဟုတ် ကောင်စီဝင်များသည် တပ်မတော်မှ **နုတ်ထွက်ရန် သို့မဟုတ် အငြိမ်းစားယူရန်မလို။** | နေပြည်တော်၏ လုံခြုံရေးဆိုင်ရာကိစ္စရပ်များကိုပေါင်းစပ်ညှိနှိုင်းပေးနိုင်ရေးအတွက် ခန့်အပ်တာဝန်ပေးခြင်းခံရသည့် တပ်မတော်သား နေပြည်တော်ကောင်စီဝင် သို့မဟုတ် ကောင်စီဝင်များသည် တပ်မတော်မှ **အငြိမ်းစားယူပြီး သို့မဟုတ် နုတ်ထွက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။** | NLD | ❌ ထောက်ခံမဲ ၄၀၇ ၇၅% မကျော် မူလအတိုင်းထားရန် |
| ၂၈၅ (ဆ) | နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် ကောင်စီဝင်တစ်ဦးဦးသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် ကောင်စီဝင်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ခြင်းခံရသည့်နေ့မှစ၍ မိမိရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်ခြင်းမပြုရ။ | ပယ်ဖျက်ရမည် | NLD | ❌ ထောက်ခံမဲ ၄၀၅ ၇၅% မကျော် မူလအတိုင်းထားရန် |
| ၂၈၆ (က) (၃) (ခ) | ရာထူးမှနုတ်ထွက်ရမည့် သို့မဟုတ် တာဝန်မှရပ်စဲခံရမည့် တပ်မတော်သား နေပြည်တော်ကောင်စီဝင်နှင့် ပတ်သက်လျှင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။ | ပယ်ဖျက်ရမည် | NLD | ❌ ထောက်ခံမဲ ၄၀၈ ၇၅% မကျော် မူလအတိုင်းထားရန် |

Unofficial Summary

| | | | | |
|---|---|---|---|---|
| ၃၀၁ (ဃ) (၄) | ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်အဖြစ်နိုင်ငံတော်သမ္မတက ယူဆသူ။ | ပယ်ဖျက်ရမည် | NLD | ထောက်ခံမဲ ၄၀၈ ၇၅% မကျော် မူလအတိုင်းထားရန် |
| ၃၁၀ (ဃ) (၃) | ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်အဖြစ်နိုင်ငံတော်သမ္မတက ယူဆသူ။ | ပယ်ဖျက်ရမည် | NLD | ထောက်ခံမဲ ၄၀၈ ၇၅% မကျော် မူလအတိုင်းထားရန် |
| ၃၁၉ | ပုဒ်မ ၂၉၃ ပုဒ်မခွဲ (ခ) အရ စစ်ဘက်ဆိုင်ရာ တရားရုံးများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် **အခြားဥပဒေအရ** ဖွဲ့စည်း၍တပ်မတော်သားများအတွက် တရားစီရင်ရမည်။ | ပုဒ်မ ၂၉၃ ပုဒ်မခွဲ (ခ) အရ စစ်ဘက်ဆိုင်ရာ တရားရုံးများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် **စစ်ဘက်ဆိုင်ရာဥပဒေအရ** ဖွဲ့စည်း၍ တပ်မတော်သားများအတွက် တရားစီရင်ရမည်။ | NLD | ထောက်ခံမဲ ၄၀၈ ၇၅% မကျော် မူလအတိုင်းထားရန် |
| ၃၂၂ (ခ) | ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော် သို့မဟုတ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့တို့က ပြဋ္ဌာန်းသည့်ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီ ညွတ်ခြင်းရှိ/မရှိ စိစစ်ခြင်း၊ | ဥပဒေပြုအာဏာပိုင်ဖြစ်သော လွှတ်တော်များနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီ ညွတ်ခြင်းရှိ/မရှိ အနက်အဓိပ္ပါယ်ဖွင့်ဆိုခြင်း။ | ပြည်ခိုင်ဖြိုး (ဒေါက်တာမောင်သင်း) | ထောက်ခံမဲ ၃၀ ၇၅% မကျော် မူလအတိုင်းထားရန် |
| ၃၃၃ (ဃ) (၄) | ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်အဖြစ်နိုင်ငံတော် သမ္မတက ယူဆသူ။ | ပယ်ဖျက်ရမည်။ | NLD | ထောက်ခံမဲ ၄၀၈ ၇၅% မကျော် မူလအတိုင်းထားရန် |

Unofficial Summary

| | | | | |
|---|---|---|---|---|
| ၃၃၈ | နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းအားလုံးသည် တပ်မတော်၏ ကွပ်ကဲမှုအောက်တွင် ရှိရမည်။ | ပယ်ဖျက်ရမည် | NLD | ❌<br>ထောက်ခံမဲ ၄၀၇<br>၇၅% မကျော်<br>မူလအတိုင်းထားရန် |
| ၃၃၉ | နိုင်ငံတော်အားပြည်တွင်း၊ ပြည်ပအန္တရာယ်များမှ ကာကွယ်ရေးအတွက် တပ်မတော်က ဦးဆောင်ရမည်။ | ပယ်ဖျက်ရမည် | NLD | ❌<br>ထောက်ခံမဲ ၄၀၇<br>၇၅% မကျော်<br>မူလအတိုင်းထားရန် |
| ၃၄၄ | **မသန်မစွမ်း**ဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက် ရေးတို့အတွက် ဥပဒေပြဋ္ဌာန်းရမည်။ | **မသန်စွမ်း**ဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးတို့အတွက် ဥပဒေပြဋ္ဌာန်းရမည်။ | NLD | ✔<br>ထောက်ခံမဲ ၅၇၄<br>၇၅% ကျော်<br>ဆက်လက်<br>ဆောင်ရွက်ရန် |
| ၃၅၉ | နိုင်ငံတော်သည် ဥပဒေကျူးလွန်၍ ပြစ်ဒဏ်ပေးခြင်းကိုခံရသဖြင့် အလုပ်ဒဏ် ထမ်းဆောင်ခိုင်းခြင်းနှင့် **အများပြည်သူအကျိုးအတွက်ဆောင်ရွက်ရန် နိုင်ငံတော်ကဥပဒေနှင့်အညီ တာဝန်ချထားခြင်းမှတပါး** အဓမ္မစေခိုင်းခြင်းကို တားမြစ်သည်။ | နိုင်ငံတော်သည် ဥပဒေကျူးလွန်၍ ပြစ်ဒဏ်ပေးခြင်းကိုခံရသဖြင့် အလုပ်ဒဏ်ထမ်းဆောင်ခိုင်းခြင်းနှင့် အဓမ္မစေခိုင်းခြင်းကို တားမြစ်သည်။ | NLD | ❌<br>ထောက်ခံမဲ ၄၀၉<br>၇၅% မကျော်<br>မူလအတိုင်းထားရန် |
| ၃၇၆ | **နိုင်ငံတော်လုံခြုံရေး၊တရားဥပဒေစိုးမိုးရေး၊အများပြည်သူအေးချမ်းသာယာရေး နှင့်အများပြည်သူအကျိုးငှာ ဥပဒေနှင့်အညီ ကြိုတင်ကာကွယ်ထားရှိရန် လိုအပ်သောကိစ္စ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရခွင့်ပြုသည့်ကိစ္စမှ** | စီရင်ပိုင်ခွင့်ရှိသော တရားသူကြီး၏ ချုပ်မိန့်မရရှိဘဲ မည်သူ့ကိုမျှ ၂၄ နာရီ ထက်ပို၍ ချုပ်နှောင်ခြင်းမပြုရ။ | NLD | ❌<br>ထောက်ခံမဲ ၄၁၁<br>၇၅% မကျော်<br>မူလအတိုင်းထားရန် |

Unofficial Summary

| | | | | |
|---|---|---|---|---|
| | **တစ်ပါး** စီရင်ပိုင်ခွင့်ရှိသော တရားသူကြီး၏ချုပ်မိန့်မရရှိ ဘဲ မည်သူ့ကိုမျှ ၂၄ နာရီ ထက်ပို၍ ချုပ်နှောင်ခြင်းမပြုရ။ | | | |
| ၃၉၆ (ခ) | သက်ဆိုင်ရာမဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက်အနည်းဆုံး**တစ်ရာခိုင်နှုန်း**တို့ကတာဝန်မှပြန်လည်ရုပ်သိမ်းလိုသော လွှတ်တော်ကိုယ်စားလှယ်နှင့်ပတ်သက်သည့် တိုင်တန်းချက် ကိုပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံတင်ပြ ရမည်။ | သက်ဆိုင်ရာမဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံး**၂၀ရာခိုင်နှုန်း** တို့ကတာဝန်မှ ပြန်လည်ရုပ်သိမ်းလိုသော လွှတ်တော်ကိုယ်စားလှယ်နှင့်ပတ်သက်သည့်တိုင်တန်းချက် ကိုပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ တင်ပြရမည်။ | NLD | ✗<br>ထောက်ခံမဲ ၄၀၉<br>၇၅% မကျော်<br>မူလအတိုင်းထားရန် |
| ၃၉၈ (ခ) (၃) (ဃဃ) | ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ပုဂ္ဂိုလ် အဖြစ်နိုင်ငံတော်သမ္မတက ယူဆသူဖြစ်ရမည်။ | ပယ်ဖျက်ရမည်။ | NLD | ✗<br>ထောက်ခံမဲ ၄၀၇<br>၇၅% မကျော်<br>မူလအတိုင်းထားရန် |
| ၃၉၉ (စ) | ရွေးကောက်ပွဲဆိုင်ရာ **သို့မဟုတ် နိုင်ငံရေးပါတီများဆိုင်ရာ** နည်းဥပဒေများကို ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီလည်းကောင်း၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်စသည်များကို သက်ဆိုင်ရာဥပဒေများနှင့် အညီ လည်းကောင်း ထုတ်ပြန်ခြင်း၊ | ရွေးကောက်ပွဲဆိုင်ရာနည်းဥပဒေများကိုဤဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီလည်းကောင်း၊ လုပ်ထုံး လုပ်နည်းများ၊ညွှန်ကြားချက်စသည်များကို သက်ဆိုင်ရာ ဥပဒေများနှင့်အညီလည်းကောင်းထုတ်ပြန်ခြင်း၊ | NLD | ✗<br>ထောက်ခံမဲ ၄၀၈<br>၇၅% မကျော်<br>မူလအတိုင်းထားရန် |
| ၄၀၂ | အောက်ပါကိစ္စများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်နှင့်ဆောင်ရွက်ချက်များသည် အပြီးအပြတ်အတည်ဖြစ်စေရမည် –<br>(က) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာလုပ်ငန်းများ၊<br>(ခ) ရွေးကောက်ပွဲခုံအဖွဲ့များ၏ဆုံးဖြတ်ချက်များ၊ အမိန့်များနှင့်စပ်လျဉ်းသည့် အယူခံမှုများနှင့်ပြင်ဆင်မှုများ။<br>(ဂ) နိုင်ငံရေးပါတီဆိုင်ရာ ဥပဒေအရဆောင်ရွက်သောကိစ္စရပ်များ၊ | အောက်ပါကိစ္စများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်နှင့်ဆောင်ရွက်ချက်များအပေါ် ဥပဒေနှင့်အညီ **ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ အယူခံဝင်ခွင့်ရှိစေရမည်** –<br>(က) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာလုပ်ငန်းများ၊<br>(ခ) ရွေးကောက်ပွဲခုံအဖွဲ့များ၏ဆုံးဖြတ်ချက်များ၊ အမိန့်များနှင့်စပ်လျဉ်း သည့်အယူခံမှုများနှင့်ပြင်ဆင်မှုများ။<br>(ဂ) နိုင်ငံရေးပါတီဆိုင်ရာဥပဒေအရ ဆောင်ရွက်သောကိစ္စရပ်များ၊ | ပြည်ခိုင်ဖြိုး (ဒေါက်တာ မောင်သင်း) | ✗<br>ထောက်ခံမဲ ၂၃၄<br>၇၅% မကျော်<br>မူလအတိုင်းထားရန် |

Unofficial Summary

| | | | | |
|---|---|---|---|---|
| ၄၀၅ (က) | စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကိုလက်ခံကျင့်သုံးသည်။ | စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်။ | NLD | X<br>ထောက်ခံမဲ ၄၀၄<br>၇၅% မကျော်<br>မူလအတိုင်းထားရန် |
| ၄၃၇ (က) | နိုင်ငံတော်အလံသည်အောက်တွင်ဖော်ပြထားသည့်အတိုင်းဖြစ်သည်၊<br> | နိုင်ငံတော်အလံသည် အောက်တွင်ဖော်ပြထားသည့်အတိုင်းဖြစ်သည်။<br> | NLD | X<br>ထောက်ခံမဲ ၃၉၅<br>၇၅% မကျော်<br>မူလအတိုင်းထားရန် |
| အခန်း (၁၄) အခန်းခေါင်းစဥ် | ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များ | ပယ်ဖျက်ရမည်။ | NLD | X<br>ထောက်ခံမဲ ၄၀၅<br>၇၅% မကျော်<br>မူလအတိုင်းထားရန် |
| ၄၄၁ | ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော်မဲပေးသည့်ဆန္ဒမဲအများဖြင့်အတည်ပြုပြဋ္ဌာန်းလိုက်သည့် ဤဖွဲ့စည်းပုံအခြေခံ ဥပဒေသည် ပြည်ထောင်စုလွှတ်တော် ပထမအကြိမ်အစည်းအဝေးစတင်ကျင်းပသည့်နေ့မှစ၍ နိုင်ငံတော်တစ်ဝန်းလုံး၌ အာဏာတည်သည်။ | ပယ်ဖျက်ရမည်။ | NLD | X<br>ထောက်ခံမဲ ၄၀၇<br>၇၅% မကျော်<br>မူလအတိုင်းထားရန် |
| ၄၄၂ | ဤဖွဲ့စည်းပုံအခြေခံဥပဒေအာဏာမတည်မီနိုင်ငံတော်၏အချုပ်အခြာအာဏာကိုနိုင်ငံတော်အေးချမ်းသာယာရေးနှင့် | ပယ်ဖျက်ရမည်။ | NLD | X |

Unofficial Summary

| | | | | |
|---|---|---|---|---|
| | ဖွံ့ဖြိုးရေးကောင်စီက ဆက်လက်ကျင့် သုံးဆောင်ရွက်ရမည်။ | | | ထောက်ခံမဲ ၄၀၆<br>၇၅% မကျော်<br>မူလအတိုင်းထားရန် |
| ၄၄၃ | ဤဖွဲ့စည်းပုံအခြေခံဥပဒေအာဏာတည်သည့်နေ့မတိုင်မီ နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေအကောင်အထည် ဖော်ရေးအတွက် ကြိုတင်ဆောင်ရွက်သည့်လုပ်ငန်းရပ်များသည်ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဆောင်ရွက်သည်ဟု မှတ်ယူရမည်။ | ပယ်ဖျက်ရမည်။ | NLD | X<br>ထောက်ခံမဲ ၄၀၆<br>၇၅% မကျော်<br>မူလအတိုင်းထားရန် |
| ၄၄၄ (က) | ဤဖွဲ့စည်းပုံအခြေခံဥပဒေအာဏာတည်သည့်နေ့၌ တည်ရှိ နေသော အစိုးရအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တာဝန်ပေးအပ်သည့် အစိုးရအဖွဲ့ မပေါ်မီ မိမိတို့၏ သက်ဆိုင်ရာတာဝန်များကို ဆက်လက်ဆောင်ရွက်ရမည်။ | ပယ်ဖျက်ရမည်။ | NLD | X<br>ထောက်ခံမဲ ၄၀၆<br>၇၅% မကျော်<br>မူလအတိုင်းထားရန် |
| ၄၄၄ (ခ) | ဤဖွဲ့စည်းပုံအခြေခံဥပဒေအာဏာတည်သည့်နေ့၌ တည်ရှိ နေသောတရားရုံး များသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တည်ထောင်သည့်တရားရုံးများ မပေါ် ပေါက်မီဆက်လက် ၍ တရားစီရင်ပိုင်ခွင့်အာဏာများ သုံးစွဲဆောင်ရွက်ရမည်။ အဆိုပါ တရားရုံးများတွင် မပြီးမပြတ်ကျန်ရှိနေသေးသော တရားမမှုများ၊ ပြစ်မှုဆိုင်ရာ အမှုများနှင့် အခွန်တော်အမှု များကို အမှုစတင်စစ်ဆေးစဉ်က ကျင့်သုံးသည့် ဥပဒေများ နှင့်အညီ ဆက်လက်စစ်ဆေးစီရင်ရမည်။ | ပယ်ဖျက်ရမည်။ | NLD | X<br>ထောက်ခံမဲ ၄၀၇<br>၇၅% မကျော်<br>မူလအတိုင်းထားရန် |
| ၄၄၅ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် နိုင်ငံတော် ငြိမ် ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့၏ မူဝါဒလမ်းညွှန်မှု များ၊ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်ပြန် တမ်းများ၊ ကြေညာချက်များကိုလည်းကောင်း၊ နိုင်ငံတော် | ပယ်ဖျက်ရမည်။ | NLD | X<br>ထောက်ခံမဲ ၄၀၈<br>၇၅% မကျော်<br>မူလအတိုင်းထားရန် |

Unofficial Summary

| | | | | |
|---|---|---|---|---|
| | ငြိမ်ဝပ်ပိပြားမှုတည် ဆောက်မှုတည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့ ၏ ဆောင်ရွက်ချက်များ၊ တာဝန်များနှင့်ရပိုင်ခွင့်များကို လည်းကောင်း ဆက်ခံသည်။ ယင်းအဖွဲ့၊ သို့မဟုတ် အဖွဲ့ဝင် တစ်ဦးဦး၊ သို့မဟုတ် အစိုးရအဖွဲ့ဝင်တစ်ဦးဦး၏ တာဝန် အရဆောင်ရွက်ချက်များအပေါ် အကြောင်းပြုလျက် ယင်း တို့အားတရားစွဲဆိုခြင်း၊ အရေးယူခြင်းမရှိစေရ။ | | | |
| ၄၄၆ | တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ် ဖျက်ခြင်း၊ ပြင်ဆင်ခြင်း၊ မပြုသေးမီဤဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်မဆန့်ကျင်သမျှအတည်ဖြစ်သည်။ | ပယ်ဖျက်ရမည်။ | NLD | ❌<br>ထောက်ခံမဲ ၃၉၉<br>၇၅% မကျော်<br>မူလအတိုင်းထားရန် |
| ၄၄၇ | တည်ဆဲနည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုအစိုးရ အဖွဲ့က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်။ | ပယ်ဖျက်ရမည်။ | NLD | ❌<br>ထောက်ခံမဲ ၄၀၄<br>၇၅% မကျော်<br>မူလအတိုင်းထားရန် |
| ၄၄၈ | ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာစတင်တည်သည့်နေ့ တွင်နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ လက်အောက်၌ ဖွဲ့စည်းထားရှိသည့် တပ်မ တော်အပါအဝင် ဌာနဆိုင်ရာအဖွဲ့အစည်းများ၏ အမှုထမ်းရွက်ဆဲဖြစ်ကြ သော နိုင်ငံ့ဝန်ထမ်းများသည် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်အစိုးရ အခြားပြဋ္ဌာန်းခြင်းမပြုသမျှ ဆက်လက် အမှုထမ်းရမည်။ | ပယ်ဖျက်ရမည်။ | NLD | ❌<br>ထောက်ခံမဲ ၄၀၄<br>၇၅% မကျော်<br>မူလအတိုင်းထားရန် |

| | | | | |
|---|---|---|---|---|
| ၄၉၉ (က) ဖြည့်စွက် | | တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်မဆန်ကျင်သမျှ အတည်ဖြစ် သည်။ | NLD | ✗ ထောက်ခံမဲ ၄၀၇ ၇၅% မကျော် မူလအတိုင်းထားရန် |
| ၄၉၉ (ခ) ဖြည့်စွက် | | တည်ဆဲနည်းဥပဒေများ၊ စည်းကမ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုအစိုးရအဖွဲ့က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မဆန့်ကျင်သမျှ အတည်ဖြစ်သည်။ | NLD | ✗ ထောက်ခံမဲ ၄၀၇ ၇၅% မကျော် မူလအတိုင်းထားရန် |

Unofficial Summary